၂၇-၈-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည် ) | | | ဆီ(တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား ) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၂၀၀၀ | - | ၃၃၀၅ | ၃၁၆၅ | ၂၇၉၅ | ၃၃၉၀ | ၄၈၀၀၀၀၀ | |
| ၂ | လားရှိုး | | | | | | | | | | | |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | - | ၆၀၀၀ | ၅၈၀၀ | ၅၈၀၀ | ၅၉၀၀ | ၄၈၀၀၀၀၀ | |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၇၃၀၀ | ၃၂၂၀ | ၃၀၈၀ | ၂၇၁၅ | ၃၃၀၅ | ၄၈၀၀၀၀၀ | |
| ၅ | လွိုင်ကော် | | | | | | | | | | | |
| ၆ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ↑၆၉၅၀ | ၃၁၈၅ | ၃၀၄၅ | ၂၆၈၀ | ၃၂၇၀ | ၆၀၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၆၈၉၀ | ၃၂၀၀ | ၃၀၆၀ | ၂၆၉၅ | ၃၂၈၅ | ၅၂၅၀၀၀၀ | |
| ၈ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၆၉၇၀ | ၃၂၁၀ | ၃၀၇၀ | ၂၇၀၅ | ၃၂၉၅ | ၇၄၀၀၀၀၀ | |
| ၉ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၇၂၀၀ | ၄၂၆၀ | ၄၁၅၀ | ၄၂၅၀ | ၄၃၀၀ | ၇၅၀၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၆၇၇၅ | ၃၁၁၅ | ၂၉၇၅ | ၂၆၁၀ | ၃၂၀၀ | ၄၉၄၄၉၆၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၃၁၇၅ | ၃၀၃၅ | ၂၆၇၀ | ၃၂၆၀ | ၇၃၆၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၈၅၀၀ | ၂၂၀၀၀ | - | ၃၆၄၀ | ၃၄၉၅ | ၃၁၃၀ | ၃၇၂၅ | ၈၀၀၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၈၅၀၀ | ၇၃၅၀ | ၃၂၂၅ | ၃၀၈၀ | ၂၇၁၅ | ၃၃၁၀ | ၄၈၈၆၀၀၀ | |
| ၁၅ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ↓၂၀၀၀၀ | ၇၃၆၅ | ၃၁၉၅ | ၃၀၅၅ | ၂၆၉၀ | ၃၂၈၀ | ၄၈၇၂၀၀၀ | |
| ၁၆ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၃၂၀၀ | ၃၀၅၅ | ၂၆၉၀ | ၃၂၈၅ | ၄၉၀၀၀၀၀ | |
| ၁၇ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ↑၁၈၅၀၀ | ၇၂၀၀ | ၃၂၀၀ | ၃၀၅၅ | ၂၆၉၀ | ၃၂၈၅ | ၄၈၉၆၀၀၀ | |
| ၁၈ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၃၁၅၅ | ၃၀၁၅ | ၂၆၅၀ | ၃၂၄၅ | ၄၈၀၀၀၀၀ | |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ↑၇၀၀၀ | ၃၁၂၅ | ၂၉၈၅ | ၂၆၂၀ | ၃၂၁၀ | ၄၇၅၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ↑၁၉၀၀၀ | ၇၂၃၅ | ၃၁၇၀ | ၃၀၃၀ | ၂၆၆၅ | ၃၂၅၅ | ၄၉၄၄၉၆၀ | |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ↑၁၉၅၀၀ | ၇၂၃၅ | ၃၁၇၀ | ၃၀၃၀ | ၂၆၆၅ | ၃၂၅၅ | ၄၉၄၄၉၆၀ | |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၃၅၀၀ | ၃၉၂၅ | ၃၇၈၀ | ၃၄၁၅ | ၄၀၁၀ | ၆၇၀၀၀၀၀ | |

Source: ပြည်တွင်းဌာနခွဲ




Monthly News Letter August 2024 Department of Consumer Affairs

# အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ ယှဉ်ပြိုင်မှုလုပ်ငန်းအဖွဲ့ (၇) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်




၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သော အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာယှဉ်ပြိုင်မှုလုပ်ငန်းအဖွဲ့ (၇) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးထိုက်၊ ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စားသုံးသူကာကွယ်ရေးဥပဒေကို အများပြည်သူသိရှိနိုင်စေရန်အတွက် အများပြည်သူသို့ သတင်းအချက်အလက်များ ပိုမိုထောက်ပံ့ပေးအပ်သွားရန် လိုအပ်သည့်ကိစ္စရပ်များ၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် အတွေ့အကြုံဖလှယ်သည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ တည်ဆဲဥပဒေများအရ လျှို့ဝှက်သော သတင်းအချက်အလက်များမဖြစ်ရန် လိုအပ်သည့် ကိစ္စရပ်များ၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာ ဗဟုသုတတိုးပွားစေရန်အတွက် ယှဉ်ပြိုင်မှုနှင့်စားသုံးသူကာကွယ်ရေးအဖွဲ့အစည်းများအနေဖြင့် အလေးဂရုပြုမှုမြှင့်တင်သည့် လုပ်ငန်းများနှင့် ဥပဒေတွန်းအားပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရမည့်ကိစ္စရပ်များနှင့် အရင်းအမြစ်တည်ဆောက်ရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

## သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၁

၂။ အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ ယှဉ်ပြိုင်မှုလုပ်ငန်းအဖွဲ့ (၇) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၃

၃။ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ ဘဏ်အကောင့် ပိတ်သိမ်းခံရသဖြင့် တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ အင်တာနက်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၆။ ၂၀၂၄ခုနှစ်၊ ဇူလိုင်လအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၇

၇။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း

၈။ ၂၀၂၄ခုနှစ်၊ ဇူလိုင်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၉။ ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၂

၁၀။ လစ်သီယမ်-အိုင်းယွန်းဘက်ထရီအသုံးပြုခြင်းကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန် အချက်များ

၁၁။ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၁၉

၁၃။ ဇူလိုင်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှု အခြေအနေ

**ကုန်သွယ်မှုကဏ္ဍ** ၂၀

၁၄။ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ



## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ဇူလိုင်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှု အခြေအနေ



စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ရှိ ဓာတ်ခွဲခန်းများမှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း လုပ်ငန်းရှင်ပေါင်း (၄၄) ဦးက အပ်နှံလာသော သီးနှံအမျိုးအစား (၁၄) မျိုး၊ စုစုပေါင်း နမူနာ အရေအတွက် (၁၃၈) ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း (၃၄၇) ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လယ်ယာထွက်ကုန်ပို့ကုန်များအား ဂျပန်နှင့် နယ်သာလန်နိုင်ငံများသို့ တင်ပို့နိုင်ရေး အတွက် ဆန်ကွဲ၊ နှမ်းနက်သိပ္ပံ၊ ပဲတီစိမ်း၊ ပဲလွန်း၊ မတ်ပဲ၊ ထောပတ်ပဲ၊ စားအုန်းဆီ၊ ဖွဲနု၊ နှမ်းညို၊ ဂျင်းခြောက်၊ နှမ်းရွက်မှုန့်၊ ပဲစာဥ စသည်တို့၏ ရူပနှင့် ဓာတုအရည်အသွေး၊ ပိုးသတ်ဆေးကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှုစသည်တို့ကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးကြွင်းဆိုင်ရာ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၇၉) ခု၊ မှိုဆိပ် ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၈) ခု၊ ဆီနှင့် ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၂၄၃) ခု၊ သီးနှံ (ဓာတု) ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၁၄) ခုနှင့် သီးနှံ(ရူပ)ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၃)ခု စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု (၃၄၇) ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရှိပါသည်။

**Source:** သတင်း/နည်း



*စာမျက်နှာ ၁၇ မှအဆက်*

ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသော ကလေးအလုပ်သမားပပျောက် ရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူကာကွယ်ရေးအသိပညာများ ဟောပြော ခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုင်းဖြတ်မြို့၊ မြို့မ အ. ထ. က ကျောင်း၊ မိုင်းဇင်းအုပ်စု၊ ယန်းလူး အ. ထ. က ကျောင်း၊ ကျိုင်းတုံ မြို့၊ မိုင်းဖြတ်မြို့၊ မြို့မ အ. ထ. က ကျောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်း၊ ပင်လုံမြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းခွဲတို့ရှိ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းမုန့်ဈေးရောင်းသူများ၊ ကလောမြို့မဈေး၌ ဈေးသူဈေးသားများအား စားသုံးသူကာကွယ်ရေး အသိပညာများ ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဇွန်လ စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | တိုင်းစားသုံးသူရေးရာကော်မတီ အစည်းအဝေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်း | လုပ်ငန်းရှင် တွေ့ဆုံ ဆွေးနွေးခြင်း | သင်တန်းများ ဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ် ကောလိပ် သိပ္ပံ | ရပ်ကွက် ကျေးရွာ | တပ်ရင်း + ဌာန + အသင်း | Online/ Media (Talk Show) | စက်ရုံ အလုပ်ရုံ | ဈေး | အခြား | စုစုပေါင်း | | | | |
| ၁ | ကချင် | ၄ | - | ၃ | - | - | - | - | - | ၇ | - | ၇ | - | - |
| ၂ | ကယား | - | - | - | - | - | - | - | - | - | - | - | - | - |
| ၃ | ကရင် | ၇ | - | - | - | - | - | - | - | ၇ | - | ၂ | - | - |
| ၄ | ချင်း | ၁ | - | - | - | - | - | - | - | ၁ | - | ၁ | - | ၁ |
| ၅ | စစ်ကိုင်း | ၄ | ၁ | - | ၄ | - | ၁ | - | - | ၁၀ | - | ၂၇ | - | - |
| ၆ | တနင်္သာရီ | ၄ | - | - | ၁ | - | - | - | - | ၅ | - | ၆ | - | - |
| ၇ | ပဲခူး | ၃၄ | ၂ | ၁၄ | ၁ | ၆ | - | ၁ | - | ၅၈ | - | ၈၅ | - | ၁ |
| ၈ | မကွေး | ၃၀ | - | ၂ | ၁ | ၂ | - | - | - | ၃၅ | - | ၅၉ | - | - |
| ၉ | မန္တလေး | ၂ | - | ၅ | ၅ | - | - | ၂ | ၇ | ၂၁ | - | ၅၃ | - | ၁ |
| ၁၀ | မွန် | ၁၁ | - | ၁ | - | ၅ | - | - | - | ၁၇ | - | ၉ | - | ၁ |
| ၁၁ | ရခိုင် | - | - | - | ၁ | - | - | - | - | ၁ | - | - | - | - |
| ၁၂ | ရန်ကုန် | ၉ | - | ၁ | ၃ | - | - | ၂ | - | ၁၅ | - | ၁၇ | - | - |
| ၁၃ | ရှမ်းတောင် | ၂ | - | - | - | - | - | ၁ | - | ၃ | - | ၁၁ | - | - |
| ၁၄ | ရှမ်းမြောက် | - | - | - | - | - | - | - | - | - | - | - | - | - |
| ၁၅ | ရှမ်းအရှေ့ | ၂ | - | - | - | - | - | - | - | ၂ | - | ၂ | - | - |
| ၁၆ | ဧရာဝတီ | ၂၇ | - | ၅ | ၅ | ၁၉ | - | - | - | ၅၆ | - | ၃၄ | - | - |
| ၁၇ | ပြည်ထောင်စုနယ်မြေ | ၁ | - | - | ၂ | - | - | ၂ | - | ၅ | - | ၂ | - | - |
| | ပြည်ထောင်စုချုပ် | ၁၃၈ | ၃ | ၃၁ | ၂၃ | ၃၂ | ၁ | ၈ | ၇ | ၂၄၃ | - | ၃၁၅ | - | ၄ |

**Source: ပညာပေး**



# မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ



စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန် ပေးအပ်ထားရှိပါသည်။ အဆိုပါ ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ အတွင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၇-၇-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၅-၇-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာ ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၃၀-၇-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၁-၇-၂၀၂၄ ရက်နေ့တွင် လည်းကောင်း စုစုပေါင်း (၄) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source: ကော်မရှင်**

# စားသုံးသူတိုင်ကြားမှုနှင့်ဖြေရှင်းပေးမှုကဏ္ဍ

## ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးမှ ဘုရင့်နောင်ကားဝန်းရှိ ကုန်စည်ပို့ဆောင်ရေး ကားဂိတ်မှ တစ်ဆင့် ဆိုလာပြား (၂၂)ချပ်အား ကျောက်ပန်းတောင်း မြို့သို့ တင်ပို့ရာတွင် ဆိုလာပြား (၇)ချပ်မှာ သုံးစွဲ၍ မရနိုင်သည်အထိ ပျက်စီးသွားသဖြင့် လူကိုယ်တိုင်သော်လည်း ကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း အကြိမ်ကြိမ် ဆက်သွယ်

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

စာမျက်နှာ ၃ မှအဆက်



ခဲ့သော်လည်း တာဝန်ယူဖြေရှင်းပေးမှု မရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ အနောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူက ၁၁-၆-၂၀၂၄ ရက်နေ့တွင် တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် ကုန်စည်ပို့ဆောင်ရေး ကားဂိတ်မှ တာဝန်ရှိသူတို့အား ခရိုင်ဦးစီးမှူးရုံးသို့ ခေါ်ယူ တွေ့ဆုံဆွေးနွေးခဲ့ရာ ဂိတ်မှူးက မိမိတို့ ဂိတ်သို့ ဆိုလာ ပြားများ လာရောက်အပ်နှံရာတွင် ဆိုလာတစ်ချပ်လျှင် တန်ဆာခငွေကျပ် ၇,၅၀၀/-ဖြင့် မိမိကိုယ်တိုင်စစ်ဆေးပြီး ယူခဲ့ကြောင်း၊ အပျက်အစီးမရှိပါကြောင်း၊ ကားပေါ် တင်ချိန်တွင် မိမိဂိတ်မှ အလုပ်သမားပေါ့ဆမှုကြောင့် (၁) ချပ်ကွဲသွားပါကြောင်း၊ ၁၂-၄-၂၀၂၄ ရက်နေ့တွင် ကျောက်ပန်းတောင်းဂိတ်သို့ ရောက်ချိန်တွင် (၁) ချပ် ထပ်မံ၍ ကွဲသွားပါကြောင်း၊ နောက် (၅) ရက်အကြာတွင် ထပ်မံ၍ ဆိုလာပြား (၅) ချပ်ကွဲကြောင်း ပြောကြားသဖြင့် ကားပေါ်မှချစဉ်တွင် မိမိတို့အနေဖြင့် စစ်ဆေးယူထား သောကြောင့် ပေါက်ဈေးအတိုင်း အလျော်ပေးမည်ဖြစ် ကြောင်းပြောကြားရာ တိုင်ကြားသူမှ ဆိုလာပြားတစ်ချပ် ၏ ပေါက်ဈေးမှာ ငွေကျပ် ၄၅၀,၀၀၀/-ရှိကြောင်း၊ (၂) ချပ်အတွက် လျော်ပေးမည်ဆိုပါက လက်ခံသည်ဟု ပြော ကြားခဲ့ကြောင်း၊ ၁၉-၆-၂၀၂၄ ရက်နေ့တွင် တိုင်ကြားခံရသည့် ကုန်စည်ပို့ဆောင်ရေးကားဂိတ်မှ တာဝန်ရှိသူက တိုင်ကြားသူ၏ Kpay account ထံသို့ ငွေကျပ် ၉၀၀,၀၀၀/-ကို လွှဲပြောင်းပေးခဲ့ရာ တိုင်ကြားသူ က လက်ခံရရှိကြောင်းနှင့် ကျေနပ်မှုရှိကြောင်း ဌာနသို့ အကြောင်းကြားလာသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ဘဏ်အကောင့် ပိတ်သိမ်းခံရသဖြင့် တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ




ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ငွေကျပ် (၁၅၀) သိန်း ရှိသော ၎င်း၏ ဘဏ်အကောင့်ပိတ်သိမ်းခံရသဖြင့် စားသုံးသူရေးရာ ဦးစီးဌာနသို့ အီးမေးလ်မှတစ်ဆင့် ဆက်သွယ်တိုင်ကြား လာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက ဘဏ်မှတာဝန်ရှိသူများထံသို့ အကြောင်းကြား ဆောင်ရွက်

စာမျက်နှာ ၅ ကော်လံ ၁ သို့



စာမျက်နှာ ၁၆ မှအဆက်

မြို့နယ်၊ နန်းလိုင်ကျေးရွာရှိ ပြည်သူများ၊ မိုးညှင်းမြို့ နားခါးရပ်ကွက်ရှိ အ. ထ. က ကျောင်းတို့ရှိ ဆရာ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများအား စားသုံးသူနစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တိုင်ကြားနိုင်မည့် နည်းလမ်းများနှင့် ဖြေရှင်းဆောင်ရွက်ပေးနေမှုအခြေ အနေ၊ အွန်လိုင်းမှ ဈေးဝယ်ရာတွင် သတိပြုလိုက်နာရ မည့်အချက်များ၊ ရောနှောဆီအပါအဝင် စားသုံးဆီ အမျိုးမျိုးကို အသုံးပြုမှုများခြင်းကြောင့် ထိခိုက် နစ်နာနိုင် ခြေမြင့်မားသည့် အချက်များနှင့် ဆေးလိပ်နှင့် ဆေးရွက် ကြီးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တ ရာယ်များအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ ကြောင်း၊ လုပ်ငန်းရှင်အသိပညာပေးခြင်းနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ဆန်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင်၊ အင်ဂျန်ဒိုရပ်ကွက်ရှိ ကုန်မျိုးစုံဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းရှင်များ၊ လယ်ကုန်းရပ်ကွက်ရှိ လက်လီ လက်ကားကုန်စုံဆိုင် လုပ်ငန်းရှင်များ၊ ဗန်းမော်မြို့ရှိ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်၊ ချဉ်စော်ကားဝိုင်နှင့် ယိုစုံထုတ်လုပ်သူလုပ်ငန်းရှင်၊ မိုးညှင်းမြို့ရှိ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရှင်များ၊ ကွမ်းနှင့် ကွမ်းပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရှင်များနှင့်တွေ့ဆုံပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်စေရေးနှင့် စားသုံးသူကာကွယ်ရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီး မှူးရုံးအနေဖြင့် မော်လမြိုင်မြို့ သမဝါယမသင်တန်း ကျောင်းနှင့် အ. ထ. က (၄) အခြေခံပညာအထက်တန်း ကျောင်း၊ သထုံမြို့နယ် အ. မ. က (ပရိကိုး) ကျောင်း၊ ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက် အ. မ. က ကျောင်း၊ ဘီလင်းမြို့ အ. ထ. က (ကန်သာယာ) ကျောင်း၊ ချောင်းဆုံမြို့နယ် အ. ထ. က (မရမ်း) ကျောင်းနှင့် အ. မ. က (မုရစ်ကြီး) ကျောင်း၊ အ. မ. က (သွမ်သဲ) ကျောင်း၊ ကျိုက်မရောမြို့ ရှင်စောပုရပ်ကွက် (၂) ကျောင်း၊ အ. ထ. က (ခွဲ) ကျောင်း၊ မုဒုံမြို့နယ် ကော့ခလွယ် အ. မ. က (မှူ/လွန်) ကျောင်း၊ ဘီလင်းမြို့ မြင်သာရပ်ကွက် အ. မ. က (မြင်သာ) ကျောင်း၊ ပေါင်မြို့နယ် ပေါင်ဘုတာ အ. မ. က ကျောင်းတို့ရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ သံဖြူဇရပ်မြို့ နယ်၊ စက်စဲကျေးရွာ၊ ထမင်းဆိပ်ရပ်ကွက်နှင့် ကျိုက်မ ရောမြို့ ရှင်စောပုရပ်ကွက် (၂) တို့ရှိ စားသုံးသူပြည်သူ များအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် သစ်သီးယိုမျိုးစုံ ထုတ်လုပ်သည့် လုပ်ငန်းရှင်၊ အကြော်စုံ လုပ်ငန်းရှင်၊ ချောင်းဆုံမြို့နယ်၊ ကုလားဘီကျေးရွာရှိ ဆန်စက် လုပ်ငန်းရှင်နှင့် သဘာဝဓာတ်မြေဩဇာ လုပ်ငန်းရှင်၊ သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာရှိ ဆန်စက် လုပ်ငန်းရှင်နှင့် သဘာဝဓာတ်မြေဩဇာထုတ်လုပ်သည့် လုပ်ငန်းရှင်၊ ဘီလင်းမြို့နယ်အတွင်းရှိ ဆန်စက်နှင့် ဆန် သိုလှောင်ရုံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များ၊ တားမြစ်ချက်များအကြောင်း ကို ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် မော်လမြိုင် ခရိုင်နှင့် သထုံခရိုင်တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

*စာမျက်နှာ ၄ မှအဆက်*

ဆွေးနွေးခြင်းအနေဖြင့် မကွေးမြို့ မင်္ဂလာဈေး၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့၊ ကံမမြို့၊ ဆင်ပေါင်ဝဲမြို့၊ သရက်မြို့၊ မင်းတုန်းမြို့များရှိ ဆန်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ မြို့သစ်မြို့၊ ကံမမြို့၊ ပခုက္ကူမြို့တို့ရှိ ကုန်မျိုးစုံနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ ချောက်မြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့များရှိ စက်သုံးဆီလုပ်ငန်းရှင်များ၊ နတ်မောက်မြို့၊ ရေနံချောင်းမြို့များရှိ အလှကုန်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ အောင်လံမြို့၊ မင်းလှမြို့များရှိ ပဲကြော်/လှော်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ မြို့သစ်မြို့၊ ရေနံချောင်းမြို့၊ နတ်မောက်မြို့၊ မင်းလှမြို့နှင့် ဆိပ်ဖြူမြို့များရှိ စားသုံးဆီလုပ်ငန်းရှင်များအား စားသုံးဆီများထားသိုရာတွင် သန့်ရှင်းမှုရှိစေရေး၊ သတ်မှတ်အချိုးအစားအတိုင်း Label ကပ်၍ ရောင်းချရေး၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့၊ သဘော်ာဆိပ် အ. မ. က ကျောင်း၊ မြိတ်မြို့၊ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ BGMM မှ ဝန်ထမ်းများ၊ မြိတ်မြို့ ချမ်းအေးကျောင်းတိုက်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ကော့သောင်းမြို့၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ရှိ ဆရာ ဆရာမများ၊ သင်တန်းသားများအား စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း၊ အွန်လိုင်းမှ ဈေးဝယ်ယူရာတွင် သိသင့်၊ သိထိုက်သည့် အချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့်အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် စားသုံးသူအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ အမှတ် (၈) အ. ထ. ကကျောင်း၊ သီတာရပ်ကွက်၊ International Language Business Center (ILBC) ကျောင်းနှင့်တပ်ကုန်း (စံပြ) ရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ ဖန်းမော်ခရိုင်၊ ဖန်းမော်မြို့၊ ညောင်ပင်ရပ် ရပ်ကွက်ရှိ အမှတ် (၃) အ. ထ. က ကျောင်း၊ မင်းကုန်းရပ်ကွက်ရှိ ပြည်သူများ၊ မိုးညှင်း

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၄ မှအဆက်*

ခဲ့ပါကြောင်း၊ ဘဏ်မှ တာဝန်ရှိသူများက တိုင်ကြားမှုအား စုံစမ်းခဲ့ရာတွင် ဘဏ်ဝန်ဆောင်မှုသုံးစွဲသူတစ်ဦးသည် ၎င်း၏ဘဏ်စာရင်းထဲမှ ငွေကျပ် ၄၇,၉၅၉,၆၅၉/- ပျောက်ဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးရှိ အမှတ် (၃) နယ်မြေရဲစခန်းတွင် ဆက်သွယ်ရေး ပုဒ်မ ၆၆ (ဂ) ဖြင့် အမှုဖွင့်တိုင်ကြားခဲ့ပါကြောင်း၊ ရဲစခန်းမှစုံစမ်းစစ်ဆေးမှုအရ ၎င်း၏ ပျောက်ဆုံးနေသော ai ЁM ;r sm,x d Sai G syf 15,၀၀၀,၀၀၀/-သည် 1st reciever ထံမှတစ်ဆင့် 2nd reciever ဖြစ်သော တိုင်ကြားသူ၏ Bank account သို့ စီးဝင်သွားသည်ကို စစ်ဆေးပေါ်ပေါက်ခဲ့ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းမှ ငွေကြေးမသမာစီးဆင်းသွားသည့် အကောင့်များအား ယာယီတားမြစ်ပေးပါရန်အကြောင်းကြားလာမှုအရ တိုင်ကြားသူ၏ ဘဏ်အကောင့်အား ယာယီတားမြစ်၍ ပိတ်သိမ်းထားခြင်းဖြစ်ပါကြောင်း စိစစ်တွေ့ရှိရသဖြင့် ရဲစခန်းသို ဆက်သွယ်မေးမြန်းရာတွင် အမှုဖြစ်စဉ်မှာ တိုးတက်မှုမရှိသည့်အတွက် ရဲစခန်းမှ တစ်စုံတစ်ရာ ထပ်မံညွှန်ကြားလာမှု မရမီအထိ ယာယီ တားမြစ်ထားသည့် တိုင်ကြားသူ၏ ငွေစာရင်းအကောင့်အား ပြန်လည်ဖွင့်ပေးထားမည်ဖြစ်ပါကြောင်းကို Bank မှ တာဝန်ရှိသူက အကြောင်းပြန်ကြားလာမှုကို ဌာနမှ တာဝန်ရှိသူက တိုင်ကြားသူထံ ဖုန်းဖြင့်ဆက်သွယ်၍ ရှင်းလင်းပြောကြားခဲ့ရာ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အင်တာနက်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးသည် အင်တာနက်ကုမ္ပဏီတစ်ခု၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ အင်တာနက် လိုင်းပြတ်တောက်နေမှုအား သတ်မှတ်ရက်အတွင်း ပြင်ဆင်မပေးနိုင်ခြင်း၊ Customer Service အဆင်မပြေခြင်းနှင့် လိုင်းမကြာခဏ ပြတ်တောက်ခြင်းတို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားလာပါသည်။



တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက အင်တာနက်ကုမ္ပဏီသို့ အကြောင်းကြားခဲ့ရာ အင်တာနက်ကုမ္ပဏီက တိုင်ကြားသူသည် ၁၈-၆-၂၀၂၄ ရက်နေ့တွင် အင်တာနက်လိုင်း အဆင်မပြေကြောင်း Customer Service Call Centre သို့ ဆက်သွယ်ပြောကြားလာသဖြင့် လိုင်းစစ်ဆေးကြည့်ရာ Fiber Error ဖြစ်နေသည်ကို တွေ့ရှိရသဖြင့် ပြင်ဆင်မှုများဆောင်ရွက်ပေးခဲ့၍ လိုင်းပြန်လည်ကောင်းမွန်သွားပါကြောင်း၊ ၂၁-၆-၂၀၂၄ ရက်နေ့တွင်

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၅ မှအဆက်*

အင်တာနက်လိုင်း ထပ်မံပြတ်တောက်သွားကြောင်း အကြောင်းကြားလာသဖြင့် Customer service မှ သက်ဆိုင်ရာ Maintenance Team သို့ အမြန်ဆုံးသွားရောက် ပြင်ဆင်ပေးရန် ပြောကြားခဲ့သော်လည်း ရာသီဥတု အခြေအနေကြောင့် ၂၅-၆-၂၀၂၄ ရက်နေ့မှသာ ပြင်ဆင်မှုများ ပြီးစီးခဲ့ပါကြောင်း၊ Customer Service ဘက်မှ တိုင်ကြားသူထံ ဆက်သွယ်၍ လိုင်းအဆင်ပြေ/မပြေ မေးမြန်းခဲ့ရာ တိုင်ကြားသူမှ လိုင်းပြန်လည်ရရှိကြောင်း ပြောကြားခဲ့ပြီး အင်တာနက်လိုင်း ပြတ်တောက်ခဲ့သည့် ရက်များအတွက် ရက်အစားထိုး ပြန်လည်ပေးအပ်မည် ဖြစ်ကြောင်းကို တိုင်ကြားသူနှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီး တိုင်ကြားသူမှလည်း ကျေနပ်မှုရှိပါကြောင်း အကြောင်းပြန်ကြားလာသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

**၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဇူလိုင်လ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဇွန်လ ဖြေရှင်းရန်ကျန် | ဇူလိုင်လ | ပေါင်း | ဇွန်လ ထိ လက်ကျန်မှ | ဇူလိုင်လ ကုန်စည် | ဇူလိုင်လ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | ၁ | | ၁ | | | | | ၁ | ၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁ | ၁ | | ၂ | | | ၂ | ၂ | ၄ | | | | | ၄ | ၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | | ၁ | ၁ | | | | ၃ | ၁ | ၄ | | | ၁ | ၁ | ၃ | ၂၅.၀၀% |
| ၁၀ | မွန်ပြည်နယ် | | ၁ | | ၁ | | | | ၁ | ၁ | | | ၁ | ၁ | | ၁၀၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄ | ၁၇ | ၁၀ | ၈ | ၁ | ၂ | ၅၈ | ၂၁ | ၇၉ | ၁၉ | | ၃ | ၂၂ | ၅၇ | ၂၇.၈၅% |
| ၁၃ | ရှမ်း (တောင်)တောင်ကြီး | ၁ | | ၁ | | | | | ၁ | ၁ | | ၁ | | ၁ | | ၁၀၀.၀၀% |
| ၁၄ | ရှမ်း (မြောက်)လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း (ရှေ့)ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | ၁ | | ၁ | ၁ | | | ၁ | | ၁၀၀.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | | | | | | ၂ | | ၂ | ၁ | | | ၁ | ၁ | ၅၀.၀၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | ၁ | | ၁ | ၁ | | | ၁ | | ၁၀၀.၀၀% |
| | စုစုပေါင်း | ၆ | ၂၀ | ၁၂ | ၁၁ | ၁ | ၂ | ၆၈ | ၂၆ | ၉၄ | ၂၂ | ၁ | ၅ | ၂၈ | ၆၆ | ၂၉.၇၉% |
| | | ၂၆ | | ၂၆ | | | | | | | | ၆ | | | | |

**Source: CICC**



*စာမျက်နှာ ၁၄ မှအဆက်*



လုပ်ငန်းဦးစီးဌာနတွင် ကျင်းပပြုလုပ်သော သီးနှံအခြေခံ ယိုဖျော်ရည်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ကသာမြို့ အမှတ် (၉) ရပ်ကွက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ကျင်းပပြုလုပ်သော စက်ချုပ်နည်းပညာသင်တန်း၊ စစ်ကိုင်းမြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်သော တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတို့ရှိ သင်တန်းသားများ၊ ကလေးဝမြို့ အမှတ် (၂) ရပ်ကွက်ရှိ အ. လ. က ကျောင်း၊ ကန့်ဘလူမြို့ အမှတ် (၅) ရပ်ကွက်ရှိ အ. မ. က ကျောင်းနှင့် အမှတ် (၂) ရပ်ကွက်ရှိ အ. မ. က (လွှန်) ကျောင်း၊ မုံရွာမြို့ အလုံရပ်ကွက်ရှိ အ. မ. က (၂) နှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၊ စစ်ကိုင်းမြို့၊ အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့ရှိ ဆရာ/ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်ရှိ သောက်ရေသန့်စက်ရုံရှိဝန်ထမ်းများအား စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ ဆက်သွယ်တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှုဖြစ်စဉ်များကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကိုလည်း (၂၆) ကြိမ် ဆောင်ရွက်ခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များအကြောင်း၊ ရည်ညွှန်းဈေးသတ်မှတ်ထားသော ကုန်စည်များအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချစေရေး ဆွေးနွေးဟောပြောခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်သော လက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေးဥပဒေစာအုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မြို့သစ်မြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့၊ တောင်တွင်းကြီးမြို့၊ မကွေးမြို့၊ ပွင့်ဖြူမြို့၊ မင်းလှမြို့၊ အောင်လံမြို့၊ သရက်မြို့၊ ပခုက္ကူမြို့၊ ဂန့်ဂေါမြို့၊ ဆိပ်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့များရှိ အ. ထ. က ကျောင်း၊ အ. လ. က ကျောင်း၊ မူလွန်ကျောင်းများရှိ ဆရာ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ သရက်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအဖွဲ့ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် ပခုက္ကူမြို့ရှိ အမျိုးသမီးအိမ်တွင်းမှ သက်မွေးပညာသင်တန်းကျောင်းတို့ရှိ ကျောင်းသား /ကျောင်းသူများ၊ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ဆိပ်ဖြူမြို့နယ်တို့ရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် သရက်ခရိုင် မင်းတုန်းမြို့၊ ကံမမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံ

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

စာမျက်နှာ ၁၃ မှအဆက်

လျှော့ကျထားရန် လိုအပ်သည့် အချက်အလက်များနှင့် ကုန်အညွှန်းအမှတ်သားနှင့် ပတ်သက်ပြီး Talk Show အစီအစဉ်များ ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ပုသိမ်ခရိုင်နှင့် ကျောင်းကုန်းမြို့နယ် တို့ရှိ ပြည်သူများ၊ ရေကြည်မြို့နယ် အ. ထ. က အသုတ် ကျောင်း၊ သာပေါင်းမြို့နယ် အ. မ. က ကံကုန်းကျောင်း၊ ငပုတောမြို့နယ်၊ ဝက်ဆူကျေးရွာ အ. မ. က ကျောင်း၊ ရေကြည်မြို့နယ် အ. ထ. က ကွင်းသုံးဆင့်ကျောင်း၊ ကျုံပျော်မြို့နယ် အ. ထ. က လှည်းဆိပ်ကျောင်း၊ ဖျာပုံမြို့ သမိန်ထော အ. ထ. ကကျောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ တောရ အ. လ. က ကျောင်း၊ ဝါးခယ်မမြို့နယ်၊ အ. ထ. က (၂) ကျောင်း၊ အိမ်မဲမြို့နယ်၊ ကျောက်ဝိုင်း ကျေးရွာ အ. မ. ကကျောင်း၊ လပွတ္တာမြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ အ. လ. က ကျောင်း၊ ကြံခင်းမြို့နယ်၊ သစ်ဆိမ့်ကိုင်းကျေးရွာ အ. လ. က ကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ၎င်းတို့ ရပိုင်ခွင့်ရှိသော စားသုံးသူအခွင့်အရေးများကို သိရှိနိုင် စေရေး ရှင်းလင်းဆွေးနွေးခြင်း၊ ကုန်စည်၊ ဝန်ဆောင်မှုများ ကြောင့် နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ကုန်စည်၏ သတင်းအချက်အလက်များကို ဖတ်ရှုပြီးမှသာ ဝယ်ယူရန်၊ အသုံးပြုမည့်ကုန်စည်ကို ဂရုတစိုက်ရွေးချယ် ဝယ်ယူရန် နှင့် ဝယ်ယူအသုံးပြုလိုက်သည့် ကုန်စည်နှင့်စပ်လျဉ်း၍ စိတ်ကျေနပ်မှုမရှိပါက သတင်းပေးတိုင်ကြားရန်၊ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျောင်းမုန့်ဈေးတန်းတည်နေရာသန့်ရှင်းရန်၊ လေဝင် လေထွက် ကောင်းမွန်စွာရရှိရန်၊ ရေစီးရေလာ ကောင်းမွန်သောနေရာဖြစ်ရန်၊ ကြွက်၊ ယင်စသည်များ မဝင်ရောက်နိုင်စေရန်စသည့် ဆောင်ရွက်သင့်သည့် အချက်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် ညောင်တုန်းမြို့နယ်ရှိ ဆန်စက်တွင် စပါးစိုက်ပျိုးသော တောင်သူများအား အသိပညာပေးဟောပြောခဲ့ပြီး ပန်းတနော်မြို့နယ်၊ အလယ်ပိုင်းရပ်ကွက်ရှိ ရပ်ကွက်နေ ပြည်သူများအား အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ကျောင်းကုန်း မြို့နယ် နှင့် ကျုံပျော်မြို့နယ်တို့ရှိ စားသုံးဆီလုပ်ငန်းရှင်များ၊ ငပုတောမြို့နယ် မြို့မစည်ပင်ဈေးရှိ ကုန်စုံဆိုင်လုပ်ငန်း ရှင်များ၊ သာပေါင်းမြို့နယ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ ပုသိမ်မြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်များနှင့် စားသောက် ကုန်လုပ်ငန်းရှင်များ၊ ရေကြည်မြို့နယ်နှင့် ကျောင်းကုန်း မြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်များ၊ ဖျာပုံမြို့ရှိ ဆန်ကုန် များနှင့် စားသုံးဆီရောင်းချသည့်လုပ်ငန်းရှင်များ၊ မအူပင် မြို့နယ်၊ နုံဖြူမြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ပန်းတနော် မြို့နယ်တို့ရှိ ဆန်ရောင်းချသော လုပ်ငန်းရှင်များနှင့် ဆန်စက်လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဈေးနှုန်းကြီးမြင့်မှု မရှိစေဘဲ ရည်ညွှန်းဈေးနှုန်းဖြင့်ရောင်းချရန်၊ ဆန်စပါး လက်ကျန်အခြေအနေ၊ လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းဈေးကွက် အခြေအနေ၊ ဆန်အိတ်သိုလှောင်ထားမှု အခြေအနေများနှင့် ဆန်ရောင်းချမှုအခြေအနေများ ဆွေးနွေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့် ကလေးမြို့၊ အသေးစားစက်မှုလက်မှု

စာမျက်နှာ ၁၄ ကော်လံ ၁ သို့



## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်း ရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများအလိုက် ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိရာ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော ဆေးဆိုင်များ၊ ဆေးဂိုဒေါင်များ၊ ဆေးသိုလှောင်ရုံများသို့ သွားရောက်၍ ဆေးဝါးများ ပြတ်လပ်ခြင်းရှိ/မရှိ စစ်ဆေးခဲ့ပြီး မြောက်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်တို့ရှိ ဆန်ဆိုင်များအနေဖြင့် အခြေခံစားကုန်ဖြစ်သည့် ဆန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် သတ်မှတ်ထား သော ဈေးနှုန်းအတိုင်း ရောင်းချမှုရှိ/မရှိ၊ လှိုင်သာယာ မြို့နယ်ရှိ ဈေးဝယ်စင်တာဆိုင်များရှိ ဆန်အရောင်း ကောင်တာများတွင် ဆန်ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ/မရှိ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ထို့အတူ အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ ကွက်သစ်ရပ်ကွက်လမ်းမ ပေါ်ရှိ စတိုးဆိုင်တွင် ရောင်းချလျက်ရှိသော ကုန်စည်များ တွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြ ထားမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ သီရိရွှေသာဈေးအတွင်းရှိ ဆန်ဆိုင်များ၊ စားသုံးဆီဆိုင်များ၊ ငပုတောမြို့နယ်၊ မြို့မဈေး အတွင်းရှိ ဆန်အရောင်းဆိုင်များ၊ အခွန်လွတ်ဈေးအတွင်းရှိ ဆန် အရောင်းဆိုင်များ၊ ပုသိမ်မြို့ပေါ်ရှိ ဆန်ဆိုင်ကြီးများ ဒေးဒရဲမြို့နယ်၊ အမှတ် (၃) ရပ်ကွက်ရှိ ဆန်စက်တို့သို့ သွားရောက်၍ ဆန်ကြိတ်ခွဲမှုအခြေအနေနှင့် ဆန်အရည် အသွေးရှိ/မရှိ၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားမှု ရှိ/မရှိနှင့် ဆန်သိုလှောင်ထားရှိမှုအခြေအနေများကို စစ်ဆေးခဲ့ကြောင်း၊ ထို့အပြင် ဘိုကလေးမြို့၊ မြို့မဈေးရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော စားသုံးဆီဘူး များ၊ ဟင်္သာတမြို့ပေါ်ရှိ ဈေးများနှင့်ရပ်ကွက်များရှိ ကလေးကစားစရာပစ္စည်း အရောင်းဆိုင်များနှင့် စတိုးဆိုင် များ၌ရောင်းချလျက်ရှိသော ကလေးကစားစရာပစ္စည်း များတွင် ကုန်အညွှန်းအမှတ်အသားဆိုင်ရာ သတ်မှတ် ချက်များ ပြည့်စုံစွာ ဖော်ပြထားမှုရှိ/မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့

*စာမျက်နှာ ၇ မှအဆက်*

ဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ဈေးကွက်အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ (၃၃) ကြိမ် ဆောင်ရွက်ခဲ့ရာ တစ်နှစ်တာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးကို ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြမှု ရှိ/မရှိ၊ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လိုင်စင်များ ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့စည်ပင်သာယာဈေးကြီးအတွင်းရှိ ဆေးဆိုင်များ၊ အလှကုန်ဆိုင်များ၊ ဈေးဝယ်စင်တာများ၊ သပြေချောင်း (တပ်ဈေး)၊ သဘော်ဆိပ် မူလတန်းကျောင်းအတွင်းရှိ မုန့်ဈေးတန်း၊ မြိတ်မြို့ပေါ်ရှိ အမှတ် (၆) အ. ထ. က ကျောင်းအတွင်းရှိ မုန့်ဈေးတန်း၊ ကော့သောင်းမြို့ပေါ်ရှိ အလှကုန်အရောင်းဆိုင်များ၊ ကုန်စုံဆိုင်များသို့ သွားရောက်၍ ဈေးကွက်အတွင်း ရောင်းချနေသော အလှကုန်များနှင့်ဆေးဝါးများတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော သုံးစွဲရန်မသင့်သည့် အလှကုန်နှင့် ဆေးဝါးများ၊ တရားမဝင် အလှကုန်နှင့်ဆေးဝါးများ၊ သက်တမ်းလွန် အလှကုန်နှင့်ဆေးဝါးများ ရောင်းချမှု ရှိ/မရှိ၊ ဆေးဈေးနှုန်းများ မြှင့်တင်ရောင်းချမှု ရှိ/မရှိ၊ ဦးစားပေး ကုန်စည်များတွင်ပါဝင်သည့် ကော်ဖီမစ်တံဆိပ်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်အမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ရောနှောဆီများအား သက်မှတ်ချက်များနှင့်အညီ ရောင်းချမှု ရှိ/မရှိနှင့် စားသောက်ကုန်စည်အမျိုးမျိုးအား ကုန်ညွှန်းအမှတ်အသားဖော်ပြရာတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ပြထားမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မြစ်ကြီးနားမြို့ပေါ်ရှိ အင်ဂျန်ဒုံရပ်ကွက်၊ စက်မှုဇုံရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ အေးစေတီရပ်ကွက်၊ ရှမ်းစုတောင်ရပ်ကွက်၊ မြို့မရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၊ ဗန်းမော်မြို့ပေါ်ရှိ မင်းကုန်းရပ်ကွက်၊ ညောင်ပင်ရပ်ရပ်ကွက်၊ ကန်တော်ရပ်ကွက်နှင့် ပေါက်ကုန်းရပ်ကွက်ရှိ ကုန်စုံဆိုင်များနှင့် စတိုးများဆိုင်၊ မိုးညှင်းမြို့ပေါ်ရှိ နားခါရပ်ကွက်၊ နောင်စွန်းရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်ရှိ ကုန်စုံဆိုင် များနှင့် စတိုးဆိုင်များ၊ မြို့မရပ်ကွက်ရှိ Baby

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှအဆက်*

(၆) အွန်လိုင်းပေါ်တွင် ရောင်းချလျက်ရှိသည့် လစ်သီယမ် -အိုင်းယွန်းဘက်ထရီ အသုံးပြုထားသော ထုတ်ကုန်များကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဘေးအန္တရာယ်နှင့် ထိခိုက်မှုများကို အွန်လိုင်းပလက်ဖောင်းများတွင် ဖော်ပြနိုင်ရေး ဆောင်ရွက်ရန်။

ထို့နောက် ထုတ်ကုန်များ ပြန်လည်သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်ကိုလည်း ACCC အနေဖြင့် ထုတ်ပြန်ထားရှိပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**Source:ပညာပေး**

## တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်




စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် စားသုံးသူအသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မှော်ဘီမြို့နယ် အောင်မင်္ဂလာတပ်ကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ပြီး သံလျင်မြို့နယ်နှင့် ကော့မှူးမြို့နယ်တို့တွင် စည်ပင်သာယာ မြို့မဈေးနှင့် ရပ်ကွက်များရှိ ဆန်ဆိုင် လုပ်ငန်းရှင်များ၊ တွံ့တေးခရိုင်၊ ကွမ်းခြံကုန်း မြို့နယ်ရှိ စာသုံးဆီအမျိုးမျိုး ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သင့်သင့်မျှတသည့် ဈေးနှုန်းဖြင့် အလွယ်တကူဝယ်ယူ စားသုံးနိုင်စေရေး၊ ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့် ဝါးခယ်မမြို့နယ်၊ လပွတ္တာ မြို့နယ်၊ မြောင်းမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အိမ်မဲမြို့နယ်၊ မအူပင်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Center) အစည်းအဝေးခန်းမတွင် စားသုံးသူနစ်နာမှုအတွက် တိုင်ကြားနိုင်မည့် အခြေအနေများ၊ Online ဖြင့် ရောင်းချခြင်းလုပ်ငန်းများအတွက် မှတ်ပုံတင် ဆောင်ရွက်ရန်နှင့်

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

## လစ်သီယမ်-အိုင်းယွန်းဘက်ထရီအသုံးပြုခြင်းကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန် အချက်များ



လစ်သီယမ်-အိုင်းယွန်းဘက်ထရီ (Lithium-ion Batteries) ကို ဖုန်း၊ တက်ပလက်၊ လက်တော့ပ်ကဲ့သို့သော Personal Device များ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ e-bike ကဲ့သို့သော ပို့ဆောင်ရေးယာဉ်များတွင် အသုံးပြုလျက်ရှိရာ ဩစတြေးလျနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများ၌ လစ်သီယမ်-အိုင်းယွန်းဘက်ထရီ အသုံးပြုရာမှ ဖြစ်ပေါ်လာသည့် ထိခိုက်မှုများ မြင့်တက်လျက်ရှိကြောင်း၊ အဆိုပါ ထိခိုက်မှုအချက်အလက်များကို ဩစတြေးလျနိုင်ငံရှိ ဆေးရုံများ၊ ကြီးကြပ်ရေးအဖွဲ့များ၊ မီးသတ်အဖွဲ့အစည်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများ စသည့်တို့ထံမှ ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင် (Australian Competition and Consumer Commission-ACCC) က ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါဘက်ထရီ၏ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရင်းကို ဖော်ထုတ်ရန် မီးသတ်အဖွဲ့အစည်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ACCC အနေဖြင့်လည်း လစ်သီယမ်-အိုင်းယွန်းဘက်ထရီအသုံးပြုခြင်းကြောင့် ဘေးအန္တရာယ်နှင့် ထိခိုက်မှုများမရှိစေရေး အောက်ဖော်ပြပါ အကြံပြုချက်များကို ထုတ်ပြန်ထားရှိပါသည်-

(၁) လစ်သီယမ်-အိုင်းယွန်း ဘက်ထရီနှင့်ပတ်သက်သည့် အချက်အလက်များ စုဆောင်းခြင်းနှင့် မျှဝေခြင်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

(၂) စားသုံးသူများအနေဖြင့် အသိပညာဗဟုသုတများ ရရှိနိုင်စေရေးဆောင်ရွက်ရန်၊

(၃) အစိုးရနှင့်လုပ်ငန်းရှင်များအနေဖြင့် လစ်သီယမ်-အိုင်းယွန်းဘက်ထရီများကို ဘေးကင်းစွာ သိမ်းဆည်းနိုင်ရေးနှင့် ပြန်လည်အသုံးပြုနိုင်ရေးတို့အတွက် မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊

(၄) အီလက်ထရောနစ်ထုတ်ကုန်များအတွက် စည်းမျဉ်းမူဘောင် ချမှတ်ဆောင်ရွက်ရန်၊

(၅) လျှပ်စစ်ဆိုင်ရာ ဘေးကင်းလုံခြုံရေး အဖွဲ့အစည်းများအနေဖြင့် ဘက်ထရီများကို စမ်းသပ်ခြင်း၊ အညွှန်းဖော်ပြခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် အချက်အလက်များကို ရှင်းလင်းစွာ အသိပေး ထုတ်ပြန်ရန်၊

စာမျက်နှာ ၁၃ ကော်လံ ၁ သို့



စာမျက်နှာ ၈ မှအဆက်

Store ဆိုင်တို့သို့ သွားရောက်၍ အသင့်စားမုန့်အမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်အမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လဖက်ရည်ထုပ်အမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုရှိ/မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြထားခြင်းရှိ/မရှိ သက်တမ်းလွန်သောစားသောက်ကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်မြို့ပေါ်ရှိ ဈေးဝယ်စင်တာများနှင့်ကုန်စုံဆိုင်များ၊ မုဒုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် ပေါင်မြို့နယ်တို့ရှိ ဆန်ဆိုင်များနှင့် သထုံမြို့နယ်ရှိ ဈေးဝယ်စင်တာများသို့ သွားရောက်၍ ဆန်ဈေးနှုန်းများမြှင့်တင်ရောင်းချမှုရှိ/မရှိ၊ မုဒုံမြို့နယ်၊ မြို့မဈေးနှင့်မြို့ပေါ်ရပ်ကွက်၊ ချောင်းဆုံမြို့နယ်၊ အမှတ်(၂)မြို့မဈေးနှင့် ပေါင်မြို့နယ်အတွင်းတို့ရှိ ကုန်စုံဆိုင်များသွားရောက်၍ အသင့်စားမုန့်အမျိုးမျိုးတို့တွင် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ကုန်အညွှန်းအမှတ်သားပြည့်စုံစွာ ပါရှိခြင်း ရှိ/မရှိ၊ ဘီလင်းမြို့၊ ဘိုးရာဇာရပ်ကွက်၊ မင်္ဂလာဈေးနှင့် သံဖြူဇရပ်မြို့၊ မြို့မဈေး၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဗိုလ်ချုပ်ဈေးရှိ ကုန်စုံဆိုင်များသို့သွားရောက်၍ စားသုံးဆီအမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားဖော်ချက်နှင့်ကိုက်ညီမှု ရှိ/မရှိ၊ ရောနှောဆီများ ရောင်းချခြင်း ရှိ/မရှိ၊ ချောင်းဆုံမြို့နယ်ရှိ ဆေးဆိုင်များသို့ သွားရောက်၍ ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်မှုဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများ ပြတ်လပ်မှု ရှိ/မရှိ၊ မော်လမြိုင်မြို့နယ်၊



ဘီးလင်းမြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် သထုံမြို့နယ်တို့ရှိ ဆန်သိုလှောင်ရုံများ၊ ဆန်ဆိုင်ကြီးများနှင့်ဆန်စက်များသို့ သွားရောက်၍ ဆန်သိုလှောင်ရုံများ၏ အရွယ်အစား၊ တည်ဆောက်ထားရှိမှုအခြေအနေ၊ သိုလှောင်ရုံ၏ ဝင်ဆံ့နိုင်မှုပမာဏ၊ သိုလှောင်သည့် ဆန်အမျိုးအစားနှင့် လက်ရှိဆန်သိုလှောင်ထားမှုအခြေအနေများကို စစ်ဆေးပြီး ဆန်သိုလှောင်ရုံများ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ၊ ဆန်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းအလို့ငှာ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချမှုရှိ/မရှိ၊ မုဒုံမြို့၌ အခြေခံစားကုန်နှင့်လူသုံးကုန်ပစ္စည်း ဈေးကွက်အတွင်း ပြတ်လပ်မှုရှိ/မရှိ၊ မော်လမြိုင်မြို့၊ သံဖြူဇရပ်မြို့၊ ဘီလင်းမြို့တို့ရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ မြန်မာဘာသာဖြင့် ဖော်ပြထားခြင်းရှိ/မရှိ၊ အသင့်စားမုန့်အမျိုးမျိုးအား သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များပါရှိမှုရှိ/မရှိ၊ မော်လမြိုင်မြို့အတွင်းရှိ စက်သုံးဆီဆိုင်များအား သွားရောက်၍ အမှန်တကယ် ဖြန့်ဖြူးရောင်းချမှု ရှိ/မရှိ၊ ရောင်းချချိန်တွင် အလေးချိန်၊ အချင်အတွယ် မှန်ကန်စွာ ရောင်းချမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ရှမ်းပြည်နယ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

*စာမျက်နှာ ၉ မှအဆက်*

(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ရပ်ကွက် (၃)၊ မြို့သစ်ရပ်အတွင်းရှိ ဝက်ခေါက်နှင့်အမဲခေါက် ထုတ်လုပ်သည့် လုပ်ငန်းတွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှု ရှိ/မရှိ၊ တာချီလိတ်မြို့နယ်၊ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် တရားမဝင်တင်သွင်းထားသော ဆေးဝါးများရောင်းချ ခြင်း ရှိ/မရှိ၊ ကျိုင်းတုံမြို့၊ ရပ်ကွက် (၄)၊ ကန်နားလုံကျေးရွာရှိ ကုန်စုံဆိုင်များအား ကိုယ်ဝန်ဆောင်မိခင်များအတွက် နို့ဘူးနှင့် နို့မှုန့်များ ရောင်းချရာတွင် ကုန်အညွှန်းအမှတ်အသားများပါရှိမှု ရှိ/မရှိ၊ ကျိုင်းတုံမြို့၊ မြို့မဈေးကြီးအတွင်းရှိ ဆေးနှင့်ဆေးဝါး ပစ္စည်းအရောင်းဆိုင်များတွင် ဆေးနှင့်ဆေးဝါးပစ္စည်းပြတ်လပ်မှု ရှိ/မရှိနှင့် တရားမဝင်တင်သွင်းထားသော ဆေးနှင့် ဆေးပစ္စည်းများ ရှိ/မရှိ၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များတွင် ပစ္စည်းပြတ်လပ်မှု ရှိ/မရှိနှင့် မြို့မဈေးကြီးအတွင်းရှိ မီးဖိုဆောင်သုံးအခြေခံစားသောက်ကုန်များ ဈေးကွက်အတွင်း ပြတ်လပ်မှုရှိ/မရှိ၊ မိုင်းယုမြို့နယ်အတွင်းရှိ ဆန်အရောင်းဆိုင်များတွင် ဆန်သိုလှောင်ထားရှိမှု၊ ဆန်လက်ကျန်အခြေအနေနှင့် သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရောင်းချနေခြင်း ရှိ/မရှိ၊ တာချီလိတ်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီအချင်အတွယ် ပြည့်ဝမှု ရှိ/မရှိနှင့် ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ/မရှိ၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း (ခ) ရပ်ကွက်ရှိ သောက်ရေသန့်လုပ်ငန်း၊ ကျိုင်းတုံမြို့၊ ယန်းလူး အ. ထ. ကကျောင်းအတွင်းရှိ မုန့်အရောင်းဆိုင်များတွင် ရောင်းချနေသော စားသောက်ကုန်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိမှု ရှိ/မရှိ၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ဆန်အရောင်းဆိုင်များတွင် ဆန်သိုလှောင်ထားရှိမှု၊ ဆန်လက်ကျန်အခြေအနေနှင့်သင့်တင့်မျှတသော ဈေးနှုန်းများဖြင့်ရောင်းချခြင်း ရှိ/မရှိ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ လွိုင်လင်မြို့နှင့် နမ့်စန်မြို့ပေါ်ရှိ ဆန်အရောင်းဆိုင်များနှင့် စားသုံးဆီအရောင်းဆိုင်များ၊ တောင်ကြီးမြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီအမျိုးအစားမှန်ကန်မှု၊ သတ်မှတ်ဈေးနှုန်း၊ လီတာ (သို့) ဂါလံပြည့် ရောင်းချမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထို့အပြင် ညောင်ရွှေမြို့ပေါ်ရှိ ဆန်စက်များအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသော သင့်တင့်မျှတသည့် ဈေးကွက်ဈေးနှုန်း (Reasonable Market Price) အပေါ် သယ်ယူပို့ဆောင်ခနှင့် အထွေထွေကုန်ကျစရိတ်ထည့်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့် ရောင်းချမှု ရှိ/မရှိ၊ စပါးတင်း (၅၀၀၀) နှင့်အထက် သိုလှောင်ထားခြင်း ရှိ/မရှိ၊ တောင်ကြီးမြို့ပေါ်ရှိ အခြေခံစားသောက်ကုန်ပစ္စည်း၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးကွက်အတွင်း ပြတ်လပ်မှုရှိ/မရှိ၊ ဟဲဟိုးမြို့၊ အောင်ပန်းမြို့၊ ကလောမြို့နှင့် ပင်းတယမြို့ပေါ်များရှိ ဆန်စက်များနှင့် ဆန်ဆိုင်များ၊ လွိုင်လင်မြို့ပေါ်ရှိ ဆန်အရောင်းဆိုင်များတွင် ဆန်ရောင်းချဖြန့်ဖြူးရောင်းချနေမှုအခြေအနေနှင့် တောင်ကြီးမြို့ရေအေးကွင်းရပ်ကွက်ရှိ ကုန်စုံဆိုင်၊ စတိုးဆိုင်များတွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:ပြည်နယ်ဦးစီးမှူးရုံးများ**



## ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက် အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့်လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ/မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၁၇၉) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ထုတ်/လုံ**

## ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် (ဇန်နဝါရီလမှ ဇူလိုင်လအထိ) တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်-

၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၃၄ | ၁၄၄ | ၃၃ | ၁၄၃ |
| ၂။ | ဖေဖော်ဝါရီလ | ၃၄ | ၁၁၄ | ၃၄ | ၁၁၄ |
| ၃။ | မတ်လ | ၄၃ | ၁၂၅ | ၄၃ | ၁၂၅ |
| ၄။ | ဧပြီလ | ၃၆ | ၉၃ | ၃၆ | ၉၃ |
| ၅။ | မေလ | ၃၆ | ၁၁၃ | ၃၆ | ၁၁၃ |
| ၆။ | ဇွန်လ | ၃၆ | ၁၄၇ | ၃၆ | ၁၄၇ |
| ၇။ | ဇူလိုင်လ | ၄၅ | ၁၆၀ | ၄၄ | ၁၆၀ |
| စုစုပေါင်း | | ၂၆၄ | ၈၉၇ | ၂၆၂ | ၈၉၅ |

**Source: ထုတ်/လုံ**